


## လက်ပြတ်ကြီးနဲ့ ချီပိုးနေတဲ့ငါ (သို့) ရဲဘော်မိုးကျော်



ကျေးဇူးတင်ပါတယ်
ငါ့ ချစ်ဇနီးရေ
တို့တတွေ ခွဲခွါခဲ့တာ ဆယ်စုနှစ်ကျော်ကျော်
မင်းက အဝေးကမျှော်
ငါကတောပျော် ကျောင်းသား
တော်လှန်ရေးသမား
ကျဉ်ဆံကြား၊
ငှက်ဖျားရောဂါကြား
တွားသွားထိုးဖေါက်
ငါတို့
ခရီးရောက်အောင်ပေါ့။

စစ်စခန်း
တောင်ကုန်းပေါ်မှာ
စစ်မြေပြင်မှာ
လူထုတွေ ကြားထဲမှာ
သွားလာချိတက်
တရက်ပြီးတရက်
ခက်ခဲတဲ့
အခြေအနေအောက်မှာ
သတိတရနဲ့
အမှတ်ရနေရဲ့
ငါမေ့နေရင်တောင်မှ
အဲဒီအချိန်ဟာ
တိုက်ပွဲဖြစ်နေချိန်ပေါ့။

ဖုန်းနဲ့ စကားပြောခွင့်မရ
စာရေးခွင့်မရ
ကွန်ပြူတာဆိုတာ
ဝေးရော
လူကြုံမရှိ ကားမရှိ
ရထားမရှိ တောတောင်အတိပေါ့ ငါ့ချစ်ဇနီးရေ။

ကျေးဇူးတင်ပါတယ် ချစ်ဇနီးရယ်
ဝေးကွာခဲ့တာ ဆယ်စုနှစ်ကျော်ကျော်
မင်းကမျှော်
ငါက တောပျော် တိုက်ပွဲပျော် . . .
ငါ့အပေါ် သစ္စာမပျက်
ချစ်မပျက်၊ ဖေါက်ပြန်မှုမရှိ
ရိုးသားမှုအပြည့်
ငါ ပီတိဖြစ်လိုက်တာ။

လက်နက်ကိုင် တော်လှန်ရေးရဲ့အမွေ
တော်လှန်ရေးရဲ့ ဆုလာဒ်
လက်နှစ်ဖက်ပြတ်
မျက်စိနှစ်လုံး လပ်ခဲ့တဲ့ ငါ့ကို
ချစ်တတ်၊ ကြင်နာတတ်
မေတ္တာတွေ ထပ်ထပ်တိုး
ဘဝခရီးကို အတူတွဲလျှောက်
ငါ့ ရဲဘော်
ငါ့ဘဝ အဖေါ်မွန်
(ချစ်ဇနီးရေ) ငါပျော်လိုက်တာ။

ငါတို့ မျိုးဆက်သစ်တေး
သမီးလေး ဟစ်ကြွေး
ငါတို့ ကိုယ်ပွား မွေးပေးခဲ့
ကျေးဇူးတင်ပါတယ် ချစ်ဇနီးရယ်။

သမီးလေး အငိုတိတ်အောင်
ပွေ့ဖက်ချော့သိပ်
အိပ်ပျော်ဖို့ တေးသီကြုံး
သမီးဦးမို့ . . .
ရှုံးမတတ်ချစ်
လက်ပြတ်ကြီးနဲ့ ချီပိုးနေတဲ့ ငါ့ကို
သမီးလေးက ငေးကြည့်
ငါက အဝေးကြည့် မျှော်ကိုး
"ရိုးသားပြီး ထက်မြက်သူဖြစ်အောင်"
"အများအကျိုးအတွက် ကိုယ်ကျိုးစွန့်သူဖြစ်အောင်"
ပြုစု ပျိုးထောင်ဖို့ပေါ့။

သမီးလေး အရွယ်ရောက်လာတဲ့အခါ
"ကိုလိုနီ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးကာလ အာဇာနည်များအကြောင်း"
"စစ်အာဏာရှင် ဖြုတ်ချရေး၊ ကိုကိုးကျွန်း ဖျက်သိမ်းရေး တိုက်ပွဲဝင် အာဇာနည်တွေ အကြောင်း"
"အကျဉ်းထောင်၊ တောတောင်တွေထဲက အာဇာနည်တွေ အကြောင်း"
ပြီးတော့ . . .
"ဗိုလ်ချုပ်အောင်ဆန်း အကြောင်း"
"သခင်သန်းထွန်း နဲ့ သခင်ဇင်၊ သခင်ချစ် အကြောင်း"
"ဗိုလ်ချုပ်ကျော်ဇော အကြောင်း"
"ဦးလေး ဦးခင်မောင်မြင့် နဲ့ လေထီး ဦးအုန်းမောင် အကြောင်း"
"ရဲဘော်ဖိုးသံချောင်း အကြောင်း"
"ဒေါ်အောင်ဆန်းစုကြည် အကြောင်း"
"မင်းကိုနိုင် အကြောင်း"
"ကျောင်းသားတပ်မတော်က ရဲဘော်တွေ အကြောင်း"
"ရဲဘော်တိုက်မောင်းနဲ့ ရဲဘော်ကြည်ဆန်း အကြောင်း"
"ရဲဘော်ဆန်းလင်းအောင် အကြောင်း"
"အဖေ့ရဲ့တိုင်ပွဲဝင်မှု အကြောင်း"
ပါးဖောင်းအောင် ပြောပြရမယ်
သမီးလေး အတုယူရအောင်
သမီးလေး ဝိဇ္ဇာပြုစုံထားရအောင်ပေါ့ကွယ် . . .။

သားထူး(ပေါင်းတည်)
(သမီးလေး "ငြိမ်းစု" ၃လပြည့် မွေးနေ့အတွက် အမှတ်တရ)